မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

---

# နအဖမှ ထုတ်ပြန်ခဲ့သည့်" အမျိုးသားညီလာခံ၊ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ"ဥပဒေအမှတ် (၅/၉၆) ကို ဖျက်သိမ်းသင့်ကြောင်း ဥပဒေရေးရာသုံးသပ်တင်ပြချက်

၁။ နအဖကျင်းပသော အမျိုးသားညီလာခံအတွင်းတွင် လွတ်လပ်စွာ ဆွေးနွေးခွင့်မရှိခြင်း၊ ညီလာခံတွင် ကိုယ်စားလှယ်များ၏ ဆန္ဒမှန်ကို ဆွေးနွေးတင်ပြရခြင်းထက်၊ ဆင်ဆာအဖွဲ့က စိစစ်ပြီးသား စာတမ်းကိုသာ ဖတ်ပြကာ စာဖတ်ညီလာခံသာဖြစ်နေခြင်း၊ ညီလာခံကိုယ်စားလှယ်များ၏ ၁၈ ရာခိုင်နှုန်းမျှသော ကိုယ်စားလှယ်များမှလွဲ၍ နအဖ မှ ရွေးချယ်သော ကိုယ်စားလှယ်များဖြစ်ခြင်းတို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် (၂၉၊ ၁၁၊ ၁၉၉၅) ရက်နေ့တွင် ညီလာခံတွင် ပါဝင်မှုကို ရပ်ဆိုင်းထားခဲ့သည်။ အမျိုးသားညီလာခံကိုလည်း (၃၁၊ ၃၊ ၁၉၉၆) ရက်နေ့တွင်ရပ်ဆိုင်းခဲ့သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များကို (၁၅၊ ၅၊ ၁၉၉၆) ရက်နေ့မှစတင်၍ မြန်မာနိုင်ငံတဝှမ်းလုံးတွင် သက်ဆိုင်ရာမြို့နယ်များ၌ ဖမ်းဆီးခံခဲ့ရသည်။ ထိုစဉ်က စာရင်းအရ ကိုယ်စားလှယ် (၂၃၈) ဦးဖမ်းဆီးခြင်းခံခဲ့ရသည်။ ထို့နောက်မှ စစ်အစိုးရသည် သူ၏ အမျိုးသားညီလာခံကို မဖြစ်မနေပြန်လည် အသက်သွင်းရန်အတွက် ဥပဒေအမှတ် ၅/၁၉၉၆ ဥပဒေကို ၁၉၉၆ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

၂။ စစ်အုပ်စုကြိုတင်ရေးဆွဲထားသော အသေးစိပ်အခြေခံမူ (၁၀၄) ချက် မှအပ အခြားအချက်အလက် များကို ရေးဆွဲတင်ပြသူများအား အနည်းဆုံး ထောင်ဒဏ် (၅) နှစ်မှ အနှစ် (၂၀) ထိကျခံစေနိုင်သော ဥပဒေဖြစ်သည်။ ဥပဒေအမှတ် ( ၅/၉၆) သည် အခြေခံဥပဒေနှင့် ပတ်သက်သော စဉ်းစားချက် တွေးခေါ်ယူဆချက်နှင့် အမြင်ဖလှယ်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းများ မပြုလုပ်နိုင်အောင် တားမြစ်ပိတ်ပင် ထားသော ဥပဒေဖြစ်သည်။

ဥပဒေ အမှတ် ( ၅/၉၆) သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၁၉) တွင်ဖော်ပြထားသော "လူတိုင်းတွင် လွတ်လပ်စွာထင်မြင်ယူဆပိုင်ခွင့် နှင့် ထုတ်ဖော်နိုင်ခွင့်ရှိသည်။ <u>လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်</u> တွင် မိမိထင်မြင်ယူဆချက်များကို ဝင်ရောက်စွက်ဖက်ခံရခြင်းမရှိစေရဘဲ၊ မိမိ၏ထင်မြင်ယူဆချက်ကို လွတ်လပ်စွာစွဲကိုင်နိုင်ခွင့်ပါဝင်သည်။ <u>လွတ်လပ်စွာထုတ်ဖော်ခွင့်</u>တွင် နယ်နိမိတ်ကန့်သတ်မှုမရှိဘဲ၊ လူထုဆက်သွယ်ရေးနည်းလမ်းများမှတဆင့် (media) သတင်းအချက်အလက် အတွေးအမြင်များကိုရှာဖွေခွင့်၊ လက်ခံခွင့်၊ ဖြန့်ဖြူးနိုင်ခွင့်တို့ပါဝင်သည်" ဟု ဖော်ပြထားချက်များကို ဖောက်ဖျက်ကျူးလွန်သည်သာမက နှစ်ရှည်ပြစ်ဒဏ်များချမှတ်ပြဋ္ဌာန်းထားသည်ကိုလည်း တွေ့ရသည်။

၃။ ဥပဒေအမှတ်( ၅/၉၆) ပုဒ်မ ၂ (ဂ)တွင် "အဖွဲ့အစည်း" ၏ အဓိပ္ပါယ်ကိုဖော်ပြထားပြီး မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများပါဝင်သည်ဟု ဖော်ပြထားသည်။ သို့သော် လက်တွေ့တွင် ပါတီအဖွဲ့အစည်းများကို ဖျက်သိမ်းခဲ့သည်။ အနှောင့်အယှက်မျိုးစုံပေးပြီး၊ ရိုက်နှက်၊ ပစ္စည်းသိမ်းခြင်းကိုပါ လုပ်ခဲ့သည်။ အဖွဲ့အစည်းများကို တမင်တကာဖျက်သိမ်းရန်ကြံရွယ်ချက်ဖြင့် အစီအစဉ်ရှိရှိ စနစ်တကျ ပြုလုပ်နေသည်။

ဤဥပဒေပုဒ်မ ၃ (ဃ) တွင် တရားဝင်ဆောင်ရွက်ပိုင်ခွင့်မရှိဘဲ အမျိုးသားညီလာခံ၏ လုပ်ငန်းများကိုရေးဆွဲခြင်း (သို့မဟုတ်) ရေးဆွဲဖြန့်ဝေခြင်းမပြုရဟု ဖော်ပြထားသည့်လုပ်ရပ်သည် အစိုးရတရပ်က ပြည်သူ့အခွင့်အရေးများကို ပေါ်ပေါ်လွင်လွင်ပိတ်ပင်တားမြစ်လိုက်သည့် သာဓကအဖြစ် အထင်အရှား တွေ့မြင်ရပါသည်။

ဤ ဥပဒေပုဒ်မ ၅ (ဂ) တွင် "မတရားအသင်းများ ဥပဒေအရ မတရားအသင်းအဖြစ် ကြေညာနိုင်သည်" ဟု ဖော်ပြထားသည်မှာလည်း လုံးဝဆီလျော်မှုမရှိသည့်အပြင် တမင်ခြိမ်းခြောက်ဖိနှိပ်ခြင်းသာ ဖြစ်ပါသည်။ မတရားအသင်းဥပဒေသည် ယခုအထိတည်ဆဲဖြစ်နေသေးသည့်အတွက် ဤဥပဒေနှင့်အတူ တပါတည်း ပယ်ဖျက်သင့်ပါသည်။

၄။ (၅/၉၆) ဖြင့် တရားစွဲရုံးတင်ခံနေရသော ပုဂ္ဂိုလ်များအနေဖြင့် – အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ် (၂၈) တွင် "လူတိုင်းသည် ဤကြေညာစာတမ်းတွင်ဖော်ပြထားသော အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ဖော်ဆောင်နိုင်သည့် လူမှုရေးဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ခွင့်ရှိသည်" ဟု ဖော်ပြထားချက်အတိုင်း လုပ်ဆောင်ပိုင်ခွင့်ရှိသည်ကို မျက်ကွယ်ပြုကာ လူ့အခွင့်အရေးကို ချိုးဖောက်ခံရခြင်းဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။

၅။ တရားဥပဒေစိုးမိုးမှုရှိသည့် လူ့အဖွဲ့အစည်း၊ လူ့ဘောင်သစ်သို့ ဦးတည်သည်ဆိုလျှင် မုချလွတ်လပ်သည့် အဖွဲ့အစည်းများထူထောင်ခွင့်၊ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ပိုင်ခွင့်တို့ကို ခွင့်ပြုရမည်ဖြစ်ပါသည်။

ဥပဒေအမှတ် (၅/၉၆) သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် (၁၉) နှင့် အပိုဒ် (၂၈) တို့ကို ဖောက်ဖျက်ကျူးလွန်ပြီး ပြည်သူ့အတွက် တရားဥပဒေစိုးမိုးရေး အခြေခံမှုများကို ဖျက်ဆီးပြစ်နေကြောင်းတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ တရားမျှတမှုနှင့် တရားဥပဒေအခြေခံမှုများကို ထောက်ထားပြီး ဥပဒေအမှတ် (၅/၉၆) ကို ချက်ခြင်းပယ်ဖျက်ပေးသင့်ကြောင်း တရားမျှတမှု ဖော်ဆောင်လိုသူများက ဥပဒေကြောင်းအရ သုံးသပ်တင်ပြအပ်ပါသည်။

ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

နေ့စွဲ – မေ (၈) ရက် ၂၀၀၈ ခုနှစ်

**အသေးစိပ်သိလိုပါလျှင် ဆက်သွယ်ရန် –** ဦးမျိုး (၀၈၆ ၂၁၆၀၁၀၈)၊ တာဝန်ခံ၊ ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့။